**ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ**

**မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန**

**ဝန်ကြီးရုံး**

**(တိရစ္ဆာန်ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေး ဥပဒေအရ ထုတ်ပြန်သည့် အမိန့်များ)**

**အမိန့်ကြော်ငြာစာအမှတ် ၄၅ / ၉၉**

**ရန်ကုန်မြို့၊ ၁၃၆၁ ခုနှစ်၊ ဒုတိယ ဝါဆိုလပြည့်ကျော် ၉ ရက်။**

**(၁၉၉၉ ခုနှစ်၊ ဩဂုတ်လ၊ ၅ ရက် )**

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနသည် တိရစ္ဆာန် ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေး ဥပဒေပုဒ်မ ၃၃၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ကူးစက်ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးတို့အတွက် အောက်ပါအမိန့်ကို ထုတ်ပြန်လိုက်သည်။

**အခန်း (၁)**

**ကာကွယ်ဆေးထိုးခြင်း**

၁။ တိရစ္ဆာန်ပိုင်ရှင် သို့မဟုတ် လက်ဝယ်ရှိသူသည် -

(က) မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန (ဤမှနောင်တွင် ဦးစီးဌာန ဟူ၍ခေါ်ဝေါ်သုံးနှုန်းမည်) ၏ စီမံချက်နှင့်အညီ မိမိ၏ ကျွဲ သို့မဟုတ် နွားအား လိုအပ်သည့် တိရစ္ဆာန်ရောဂါကာကွယ်ဆေးထိုးခြင်းကို လက်ခံရမည်။

(ခ) တိရစ္ဆာန်ရောဂါကာကွယ်ဆေးထိုးရန် သက်ဆိုင်ရာတို့က သတ်မှတ်ပေးသည့်နေရာတွင် ကျွဲ သို့မဟုတ် နွားကို စုစည်းထိန်းချုပ်ပေးရမည်။

(ဂ) ဦးစီးဌာနက ထုတ်ပေးသည့် တိရစ္ဆာန်ရောဂါ ကာကွယ်ဆေးထိုးပြီးကြောင်း ထောက်ခံချက် လက်မှတ်ကိုရယူရမည်။

(ဃ) အပိုဒ် (က) နှင့် (ခ) အရ ကာကွယ်ဆေးထိုးခြင်းနှင့် ကာကွယ်ဆေးထိုးပြီးကြောင်း ထောက်ခံချက် လက်မှတ်အတွက် ဦးစီးဌာနက သတ်မှတ်ထားသော အခကြေးငွေကို ပေးဆောင်ရမည်။

၂။ တိရစ္ဆာန်ပိုင်ရှင်သို့မဟုတ် လက်ဝယ်ရှိသူသည် မိမိ၏ သိုး၊ ဆိတ်၊ ဝက်၊ ကြက်၊ ဘဲ၊ ကြက်ဆင်၊ ဘဲငန်း၊ မန်ဒါလီ၊ ငုံး၊ ရစ်၊ ခွေး၊ ကြောင်၊ ဆင်၊ မြင်း၊ မြည်း၊ လား သို့မဟုတ် မွေးမြူထားသော အခြား တိရစ္ဆာန်များတွင် လိုအပ်သည့် တိရစ္ဆာန်ရောဂါကာကွယ်ဆေးထိုးခြင်း ရှိ မရှိ ဦးစီးဌာန တာဝန်ရှိ ဝန်ထမ်း၏ စစ်ဆေးခြင်းကို ခံယူရမည့်ပြင် ယင်းတာဝန်ရှိ ဝန်ထမ်း၏ ညွှန်ကြားချက်ကိုလည်း လိုက်နာ ရမည်။

**အခန်း (၂)**

**တိရစ္ဆာန်ဖြတ်သန်းသွားလာမှုကို စစ်ဆေးခြင်း**

၃။ တိရစ္ဆာန် ပိုင်ရှင် သို့မဟုတ် လက်ဝယ်ရှိသူသည် -

Myanmar Law Information System (MLIS)

(က) တိရစ္ဆာန်ကိုမြို့နယ်၊ ခရိုင်၊ ပြည်နယ် သို့မဟုတ် တိုင်းတစ်ခုမှ အခြားတစ်ခုသို့ သယ်ဆောင်မောင်း နှင်ရာတွင် ဖြတ်သန်းသည့် မြို့နယ်ရှိ ဦးစီးဌာန မြို့နယ်တာဝန်ခံဝန်ထမ်းက ဖြစ်စေ၊ ခရီးဆုံးမြို့နယ်ရှိ ဦးစီးဌာန မြို့နယ်တာဝန်ခံဝန်ထမ်းကဖြစ်စေ ကူးစက်ရောဂါကင်းရှင်းခြင်း ရှိ မရှိ စစ်ဆေးခြင်းကို ခံယူ ရမည်။ ယင်းတိရစ္ဆာန်အား လိုအပ်သော ကာကွယ်ဆေးထိုးခြင်းကို ခံယူရမည်။

(ခ) မိမိသယ်ဆောင်မောင်းနှင်သော တိရစ္ဆာန်တွင် ကူးစက်ရောဂါ ဖြစ်ပွားနေပါက စစ်ဆေးသူ၏ ညွှန် ကြားချက်ကို လိုက်နာရမည်။

(ဂ) ကျွဲ၊ နွား သယ်ဆောင်မောင်းနှင်ခြင်းဖြစ်ပါက စတင်ထွက်ခွာမည့် မြို့နယ်ရှိ ဦးစီးဌာန မြို့နယ် တာဝန်ခံဝန်ထမ်းက ထုတ်ပေးသည့် တိရစ္ဆာန်ကျန်းမာရေး ထောက်ခံချက် လက်မှတ်ကို ရယူရမည်။

(ဃ) အပိုဒ်ခွဲ (က) နှင့် (ဂ) အရ ကာကွယ်ဆေးထိုးခြင်းနှင့် တိရစ္ဆာန်ကျန်းမာရေးထောက်ခံချက် လက်မှတ်အတွက် ဦးစီးဌာနက သတ်မှတ်ထားသော အခကြေးငွေကို ပေးဆောင်ရမည်။

## အခန်း (၃)

## မျိုးခြံနှင့် ဥဖောက်လုပ်ငန်းကို စစ်ဆေးခြင်း

၄။ မျိုးခြံလုပ်ငန်းစောင့်ရှောက်သူသည် -

(က) မိမိမျိုးခြံရှိ တိရစ္ဆာန်တွင် အောက်ပါတိရစ္ဆာန် အမျိုးအစားအလိုက် ယှဉ်တွဲဖော်ပြထားသည့် ရောဂါများ ရှိ မရှိ ဦးစီးဌာန တာဝန်ရှိ ဝန်ထမ်း၏ စစ်ဆေးမှုကို ခံယူရမည် -

| တိရစ္ဆာန်အမျိုးအမည် | ရောဂါအမည် |
|---|---|
| ကျွဲ၊ နွား၊ | ဘရူဆဲလား သားလျှောရောဂါ |
| | ထရိုင်ခိုမိုနာ သားလျှောရောဂါ |
| | ကမ်ပိုင်လိုဘက်တာ သားလျှောရောဂါ |
| သိုး၊ ဆိတ် | ဘရူဆဲလား သားလျှောရောဂါ |
| ဝက် | ဘရူဆဲလား သားလျှောရောဂါ |
| | အီးကိုလိုင် ရောဂါ |
| ကြက် | ကြက်ချေးဖြူရောဂါ |
| | မိုင်ကိုပလပ် (စ်)မာ ရောဂါ |

Myanmar Law Information System (MLIS)

| | |
|---|---|
| | အီးကိုလိုင်ရောဂါ |
| ဘဲ | ဘဲပလိပ်ရောဂါ |
| | အီးကိုလိုင်ရောဂါ |
| ငုံး | ကြက်ချေးဖြူရောဂါ |

(ခ) တိရစ္ဆာန်ကျန်းမာရေးနှင့် ကူးစက်ရောဂါထိန်းချုပ်ရေး အလို့ငှာ အောက်ပါတို့နှင့် စပ်လျဉ်း၍ ဦးစီး ဌာန တာဝန်ရှိဝန်ထမ်း၏ စစ်ဆေးမှုကို ခံယူရမည် -

(၁) အဆောက်အဦနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး ဆောင်ရွက်မှု၊

(၂) ရောဂါ ဖြစ်ပွားမှု၊

(၃) ကာကွယ်ဆေးထိုးမှု၊

(၄) လူအဝင်အထွက် ထိန်းချုပ်မှု၊

(၅) ယာဉ်အဝင်အထွက် ထိန်းချုပ်မှု၊

(၆) မျိုးရယူမှုနှင့် မျိုးဖြန့်ဖြူးမှု၊

(၇) အစာဝယ်ယူသည့် ဒေသ၊ စက်ရုံ၊ အရောင်းဆိုင် မှတ်တမ်း၊

(၈) မှတ်တမ်းများထားရှိမှု။

(ဂ) ဦးစီးဌာနက ထုတ်ပေးသည့် မျိုးအတွက် အသုံးပြုရန် ထောက်ခံချက်လက်မှတ်ရရှိသော တိရစ္ဆာန် နှင့် ယင်းတိရစ္ဆာန်မှရရှိသည့် အထီးမျိုးရည်၊ အမမျိုးဥ၊ သန္ဓေသားလောင်း၊ မျိုးဥ သို့မဟုတ် သားပေါက် အကောင်တို့ကိုသာ ဖြန့်ဖြူးရောင်းချရမည်။

၅။ ဥဖောက်လုပ်ငန်းဆောင်ရွက်သူသည်-

(က) အပိုဒ် (၄)၊ အပိုဒ်ခွဲ (ဂ) အရ ထောက်ခံချက်လက်မှတ်ရရှိသော တိရစ္ဆာန်မှရရှိသည့် မျိုးဥကိုသာ သားဖောက်ရန် အသုံးပြုရမည်။

(ခ) အပိုဒ် (က)ပါမျိုးဥမှ ပေါက်သော သားပေါက်အကောင်ကိုသာ ဖြန့်ဖြူးရောင်းချရမည်။

(ဂ) ဥဖောက်စက်မှ တစ်ဆင့် ကူးစက်ရောဂါများပြန့်ပွားခြင်း မရှိစေရန် ဦးစီးဌာနက သတ်မှတ်ထား သော ဥဖောက်စက်ပိုးသတ်ခြင်း အစီအစဉ်အတိုင်း လိုက်နာဆောင်ရွက်ရမည်။

၆။ မျိုးခြံ သို့မဟုတ် ဥဖောက်လုပ်ငန်း ဆောင်ရွက်သူသည်-

(က) ဤအမိန့်ထုတ်ပြန်သည့်နေ့မှစ၍ ရက်ပေါင်း (၆၀) အတွင်းသတ်မှတ်ထားသော ပုံစံဖြင့် ဦးစီးဌာန ၏ သက်ဆိုင်ရာမြို့နယ် တာဝန်ခံရုံးတွင် မှတ်ပုံတင်ရမည်။

(ခ) ဤအမိန့်ထုတ်ပြန်ပြီးနောက်ပိုင်းတွင်မှ လုပ်ငန်းစတင်ခြင်းဖြစ်ပါက လုပ်ငန်းမစတင်မီ ရက်ပေါင်း (၃၀) ကြိုတင်၍ သတ်မှတ်ထားသောပုံစံဖြင့် ဦးစီးဌာန၏ သက်ဆိုင်ရာမြို့နယ် တာဝန်ခံရုံးတွင် မှတ်ပုံ တင်ရမည်။

Myanmar Law Information System (MLIS)

(ဂ) ကူးစက်ရောဂါကာကွယ်ခြင်း၊ ကုသခြင်းတို့နှင့်စပ်လျဉ်း၍ ဦးစီးဌာနက သတ်မှတ်ထားသည့် နည်း လမ်းအတိုင်း မှတ်တမ်းများကို စနစ်တကျ ထားရှိရမည်။

(ဃ) ဦးစီးဌာန တာဝန်ရှိ ဝန်ထမ်းက ရောဂါစစ်ဆေးရန် လိုအပ်သော နမူနာပစ္စည်းများ ရယူခြင်းကို အခမဲ့ပေးအပ်ရမည်။

(င) ဦးစီးဌာနက ကူးစက်ရောဂါကာကွယ်ခြင်းနှင့် ထိန်းချုပ်ခြင်းဆိုင်ရာ စစ်ဆေးခြင်းအတွက် သတ်မှတ်ထားသည့် အခကြေးငွေကို ပေးဆောင်ရမည်။

(စ) တိရစ္ဆာန်ကျန်းမာရေး၊ ကူးစက်ရောဂါကာကွယ် ထိန်းချုပ်ရေးတို့နှင့်စပ်လျဉ်း၍ ဦးစီးဌာန တာဝန် ရှိ ဝန်ထမ်း၏ အခြားညွှန်ကြားချက်များကိုလည်း လိုက်နာရမည်။

## အခန်း (၄)

## အသား၊ နို့၊ ဥ သို့မဟုတ် အခြားတိရစ္ဆာန်ထွက်ပစ္စည်း တစ်မျိုးမျိုးထုတ်လုပ်ဖြန့်ဖြူးသော မွေးမြူရေးခြံကို စစ်ဆေးခြင်း

၇။ အသား၊ နို့၊ ဥ သို့မဟုတ် အခြားတိရစ္ဆာန်ထွက်ပစ္စည်းတစ်မျိုးမျိုး ထုတ်လုပ်ဖြန့်ဖြူးရန် မွေးမြူရေး ခြံတည်ထောင်လုပ်ကိုင်သူသည် -

(က) တိရစ္ဆာန်ကျန်းမာရေး၊ ကူးစက်ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေး၊ စားသုံးသူ အများပြည်သူ အား ဘေးအန္တရာယ် မဖြစ်စေရေးအလို့ငှာ ဦးစီးဌာနတာဝန်ရှိ ဝန်ထမ်း၏ စစ်ဆေးမှုကို ခံယူရမည်။

(ခ) ဦးစီးဌာန တာဝန်ရှိဝန်ထမ်းက စစ်ဆေးရန်လိုအပ်သော နမူနာ ပစ္စည်းများရယူခြင်းကို အခမဲ့ပေး အပ်ရမည်။

(ဂ) အထက်အပိုဒ်ခွဲ (က) နှင့် (ခ)ပါ စစ်ဆေးခြင်းအတွက် ဦးစီးဌာနက သတ်မှတ်ထားသည့် အခ ကြေးငွေကို ပေးဆောင်ရမည်။

(ဃ) ဦးစီးဌာန၏ စစ်ဆေးချက်အရ မွေးမြူရေးခြံတွင် ကူးစက်ရောဂါ ဖြစ်ပွားနေကြောင်းတွေ့ရှိရသ ဖြင့် တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများအား ရောင်းချခြင်း မပြုရန်တားမြစ်ချက်ကို လိုက်နာရမည်။

(င) ဦးစီးဌာန တာဝန်ရှိဝန်ထမ်း၏ တိရစ္ဆာန်ကျန်းမာရေး၊ ကူးစက်ရောဂါ ကာကွယ်ရေးနှင့် ထိန်း ချုပ်ရေး၊ စားသုံးသူ အများပြည်သူအား ဘေးအန္တရာယ်မဖြစ်စေရေးဆိုင်ရာ ညွှန်ကြားချက်များကိုလည်း လိုက်နာရမည်။

## အခန်း (၅)

## အများပြည်သူစားသုံးရန် သတ်ဖြတ်မည့် တိရစ္ဆာန်၏ ကျန်းမာရေးစစ်ဆေးခြင်းနှင့် အသားစစ်ဆေးခြင်း

၈။ ဦးစီးဌာနသည် တိရစ္ဆာန်ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးအလို့ငှာ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်း၍ အများပြည်သူစားသုံးရန် သတ်ဖြတ်မည့် တိရစ္ဆာန်ကိုဖြစ်စေ၊ သတ်ဖြတ် ပြီးသော တိရစ္ဆာန်၏ အသားနှင့် အစိတ်အပိုင်းတစ်ရပ်ရပ်ကိုဖြစ်စေ၊ သားသတ်ရုံကိုဖြစ်စေ စစ်ဆေး နိုင်သည်။

၉။ ရန်ကုန်မြို့တော်စည်ပင်သာယာရေး နယ်နိမိတ်နှင့် မန္တလေးမြို့တော် စည်ပင်သာယာရေး နယ်နိမိတ် များမှအပ အခြားဒေသများတွင် တိရစ္ဆာန်ပိုင်ရှင် သို့မဟုတ် လက်ဝယ်ရှိသူသည်-

Myanmar Law Information System (MLIS)

(က) မိမိရရှိထားသော သားသတ်လိုင်စင်အရ သတ်ဖြတ်မည့် တိရစ္ဆာန်၏ ကျန်းမာရေးအခြေအနေနှင့် စပ်လျဉ်း၍ ဦးစီးဌာန တာဝန်ရှိဝန်ထမ်း၏ စစ်ဆေးမှုကို ခံယူရမည်။

(ခ) ဦးစီးဌာန တာဝန်ရှိ ဝန်ထမ်းက ထုတ်ပေးသည့် ကူးစက်ရောဂါကင်းရှင်းကြောင်း ထောက်ခံချက် လက်မှတ်ရရှိမှသာ တိရစ္ဆာန်ကို သတ်ဖြတ်ရမည်။

(ဂ) သတ်ဖြတ်ပြီးသော တိရစ္ဆာန်၏ အသားနှင့် အစိတ်အပိုင်းတစ်ခုခုတွင် ကူးစက်ရောဂါနှင့် စားသုံးသူအများပြည်သူတို့အား ဘေးအန္တရာယ်ဖြစ်စေနိုင်သော ရောဂါကင်းရှင်းမှု ရှိ မရှိ ဦးစီးဌာနတာဝန်ရှိ ဝန်ထမ်း၏ စစ်ဆေးမှုကို ခံယူရမည်။

(ဃ) ဦးစီးဌာန တာဝန်ရှိဝန်ထမ်းက ထုတ်ပေးသည့် ကူးစက်ရောဂါနှင့် ဘေးအန္တရာယ်ဖြစ်စေနိုင်သော ရောဂါကင်းရှင်းကြောင်း ထောက်ခံချက်လက်မှတ်ရရှိမှသာ အများပြည်သူစားသုံးရန် ဖြန့်ဖြူးရောင်းချ ရမည်။

(င) ဦးစီးဌာန တာဝန်ရှိ ဝန်ထမ်းက စစ်ဆေးရန်လိုအပ်သော နမူနာ ပစ္စည်းများ ရယူခြင်းကို အခမဲ့ ပေးအပ်ရမည်။

(စ) စစ်ဆေးခြင်း၊ ထောက်ခံချက်လက်မှတ်ထုတ်ပေးခြင်းတို့အတွက် ဦးစီးဌာနက သတ်မှတ်ထားသည့် အခကြေးငွေကို ပေးဆောင်ရမည်။

၁၀။ တိရစ္ဆာန်ထွက်ပစ္စည်းပြုပြင်ထုတ်လုပ်ရေးလုပ်ငန်း သို့မဟုတ် သိုလှောင်ခြင်းလုပ်ငန်း ဆောင်ရွက် သူသည်-

(က) ဦးစီးဌာန တာဝန်ရှိဝန်ထမ်းက တိရစ္ဆာန်ရောဂါကာကွယ်ထိန်းချုပ်ရေးနှင့် စပ်လျဉ်း၍ သတ်ဖြတ် မည့် တိရစ္ဆာန်၊ စက်ရုံ၊ သိုလှောင်ခန်း၊ သိုလှောင်ထားသည့်ပစ္စည်းနှင့် အခြားသက်ဆိုင်ရာ နေရာများ အား စစ်ဆေးခြင်းကို ခံယူရမည့်အပြင် ညွှန်ကြားချက်များကိုလည်း လိုက်နာရမည်။

(ခ) ဦးစီးဌာန တာဝန်ရှိဝန်ထမ်းက စစ်ဆေးရန်လိုအပ်သော နမူနာပစ္စည်းများ ရယူခြင်းကို အခမဲ့ ပေးအပ်ရမည်။

(ဂ) အထက်အပိုဒ်ခွဲ (က)နှင့် (ခ) ပါစစ်ဆေးခြင်းအတွက် ဦးစီးဌာနကသတ်မှတ်ထားသည့် အခကြေး ငွေကို ပေးဆောင်ရမည်။

## အခန်း (၆)

## ကူးစက်ရောဂါဖြစ်ပွားမှု ပပျောက်စေရန်နှင့် ကူးစက်ပျံ့နှံ့ခြင်း မရှိစေရန် ဆောင်ရွက်ခြင်း

၁၁။ တိရစ္ဆာန်ပိုင်ရှင် သို့မဟုတ် လက်ဝယ်ရှိသူသည် ကူးစက်ရောဂါဖြစ်ပွားသည့် ဒေသတွင် ရောဂါဖြစ် ပွားမှု ပပျောက်စေရန်နှင့် အခြားနေရာဒေသများသို့ ရောဂါကူးစက်ပျံ့နှံ့ခြင်းမရှိစေရန် အောက်ပါအတိုင်း လိုက်နာရမည်-

(က) တိရစ္ဆာန်တွင် ဦးစီးဌာနက သတ်မှတ်ထားသော (က) စာရင်းဝင်ကူးစက်ရောဂါဖြစ်ပွားနေ ကြောင်း သိရှိရလျှင်သော်လည်းကောင်း၊ သေဆုံးသော တိရစ္ဆာန်တွင် (က)စာရင်းဝင် ကူးစက်ရောဂါ လက္ခဏာ တွေ့ရှိရလျှင်သော်လည်းကောင်း၊ (က) စာရင်းဝင် ကူးစက်ရောဂါဖြစ်သည်ဟု မသင်္ကာလျှင် သော် လည်းကောင်း ဦးစီးဌာန၏ သက်ဆိုင်ရာမြို့နယ် သို့မဟုတ် ကျေးရွာအုပ်စု တာဝန်ခံဝန်ထမ်းတစ် ဦးဦးထံသို့ဖြစ်စေ၊ ဤကိစ္စအလို့ငှာ မွေးမြူရေးနှင့်ရေလုပ်ငန်း ဝန်ကြီးဌာနက တာဝန်ပေးအပ်ထားသည့် ပုဂ္ဂိုလ်ထံသို့ဖြစ်စေ၊ ကိုယ်တိုင်၊ စာဖြင့် သို့မဟုတ် တယ်လီဖုန်းဖြင့် အမြန်သတင်းပေးတိုင်ကြားရမည်။

Myanmar Law Information System (MLIS)

(ခ) ကူးစက်ရောဂါဖြစ်ပွားသော တိရစ္ဆာန်နှင့် ယင်းတိရစ္ဆာန်နှင့်အတူ နေသော တိရစ္ဆာန်ကို သက်ဆိုင် ရာတို့က သတ်မှတ်ပေးသည့် နေရာတွင် သီးသန့်ခွဲခြားထားရမည်။

(ဂ) အပိုဒ်(ခ) ပါအတိုင်း သီးသန့်ခွဲခြားထားရှိသော တိရစ္ဆာန်ကို ပြင်ပသို့မထွက်နိုင်စေရန် သင့်လျော် သော အစီအမံများ ပြုလုပ်ထားရမည်။

(ဃ) သီးသန့်ခွဲခြားထားသော တိရစ္ဆာန်၏ အညစ်အကြေးများနှင့် စားကြွင်းစားကျန်များကို သက်ဆိုင် ရာတို့က သတ်မှတ်ပေးသည့် နေရာတွင် မြေမြှုပ်၍ဖြစ်စေ၊ မီးရှို့၍ဖြစ်စေ၊ ဦးစီးဌာနတာဝန်ရှိ ဝန်ထမ်း က ညွှန်ကြားသည့်နည်းဖြင့်ဖြစ်စေ ဖျက်ဆီးရမည်။ မြေမြှုပ်ရန် သို့မဟုတ် မီးရှို့ရန် ထုထည်များပြား သော အညစ်အကြေးများနှင့် စားကြွင်းစားကျန်များကို ဦးစီးဌာန တာဝန်ရှိ ဝန်ထမ်းက ညွှန်ကြား သည့်နည်းဖြင့် ပိုးသတ်ရမည်။ ယင်းသို့ပိုးသတ်ပြီးသော အညစ်အကြေးများနှင့် စားကြွင်းစားကျန်များ ကို ဦးစီးဌာန တာဝန်ရှိ ဝန်ထမ်း၏ ခွင့်ပြုချက်ဖြင့်သာ ပြင်ပသို့ စွန့်ပြစ်ရမည်။

(င) သီးသန့်ခွဲခြားထားရှိသော တိရစ္ဆာန်ကို စောင့်ရှောက်ကျွေးမွေးသူအား ယင်းနေရာမှ ပြင်ပသို့ မထွက်ခွာမီ ကိုယ်ခန္ဓာနှင့် အဝတ်အစားကို သန့်ရှင်းမှု ပြုစေရမည်။

(စ) ကူးစက်ရောဂါဖြင့် သေဆုံးသော တိရစ္ဆာန်နှင့်တကွ ယင်းတိရစ္ဆာန်၏ အညစ်အကြေးများ၊ စား ကြွင်းစားကျန်များနှင့် ပြန်လည်အသုံးပြု၍မရသော အသုံးအဆောင်ပစ္စည်းများကို မြေမြှုပ်၍ဖြစ်စေ၊ မီးရှို့၍ဖြစ်စေ၊ ဦးစီးဌာန တာဝန်ရှိဝန်ထမ်းက ညွှန်ကြားသည့်နည်းဖြင့်ဖြစ်စေ ဖျက်ဆီးရမည်။ မြေမြှုပ် ရမည့် တိရစ္ဆာန်မှာ ကျွဲ၊ နွားဖြစ်လျှင် သားရေနှင့် ဦးချိုတို့ကို လှီးဖြတ်ခွာယူခြင်းမပြုဘဲ ကျင်းအနက် ၆ ပေတူးပြီး မြှုပ်နှံရမည်။

(ဆ) ကူးစက်ရောဂါဖြင့် သေဆုံးသော တိရစ္ဆာန်ကို ကျွေးမွေးရန် အသုံးပြုသည့် အစာခွက်၊ ရေခွက်နှင့် အခြားပိုးသတ်သန့်စင်၍ ရသော အသုံးအဆောင်ပစ္စည်းများကို ဦးစီးဌာန တာဝန်ရှိ ဝန်ထမ်းက ညွှန်ကြားသည့်နည်းဖြင့် ပိုးသတ်သန့်စင်ပြီးမှသာ ထပ်မံအသုံးပြုရမည်။

(ဇ) ကူးစက်ရောဂါဖြစ်ပွားသော တိရစ္ဆာန်ကိုဖြစ်စေ၊ ယင်းတိရစ္ဆာန်နှင့်အတူနေသော တိရစ္ဆာန်ကိုဖြစ် စေ ရောဂါဖြစ်ပွားဆဲကာလအတွင်း ရောင်းချခြင်း၊ အခြားဒေသသို့ သယ်ဆောင်ခြင်း သို့မဟုတ် မောင်း နှင်ခြင်းမပြုရ။

(ဈ) ဦးစီးဌာနတာဝန်ရှိ ဝန်ထမ်း၏ခွင့်ပြုချက်မရဘဲ ကူးစက်ရောဂါတစ်မျိုးမျိုး ကျရောက်ဖြစ်ပွားနေ သည့် ဒေသရှိ ယင်းကူးစက်ရောဂါမျိုး ဖြစ်ပွားနိုင်သော တိရစ္ဆာန်ကို အခြားဒေသသို့ သယ်ဆောင်ခြင်း၊ မောင်းနှင်ခြင်း မပြုရ။

(ည) ကူးစက်ရောဂါဖြင့် သေဆုံးသော တိရစ္ဆာန်ကိုဖြစ်စေ၊ အသေကောင်၏ အစိတ်အပိုင်းတစ်စုံတစ်ရာ ကိုဖြစ်စေ သယ်ဆောင်ခြင်း၊ လှီးဖြတ်ခြင်း၊ ရောင်းချခြင်း သို့မဟုတ် စားသုံးခြင်း မပြုရ။

(ဋ) လိုအပ်သော ကာကွယ်ဆေးထိုးရန် သက်ဆိုင်ရာတို့က သတ်မှတ်ပေးသည့်နေရာတွင် တိရစ္ဆာန်ကို စုစည်းထိန်းချုပ်ပေးရမည်။

(ဌ) ကူးစက်ရောဂါဖြစ်ပွားကြောင်း ထင်ရှားလျှင်ဖြစ်စေ၊ ကူးစက်ရောဂါဖြစ်ပွားသည်ဟု မသင်္ကာဖွယ် အကြောင်းရှိလျှင်ဖြစ်စေ ဦးစီးဌာန တာဝန်ရှိ ဝန်ထမ်းက စစ်ဆေးရန်အလို့ငှာ တိရစ္ဆာန်ရှိရာ ခြံ၊ အိမ်၊ ဥပစာ၊

Myanmar Law Information System (MLIS)

အဆောက်အအုံ၊ ဝင်းခြံတွင်းသို့ ဝင်ရောက်ခြင်း၊ ရောဂါစစ်ဆေးရန် လိုအပ်သော နမူနာ ပစ္စည်း များ ရယူခြင်းကို ခွင့်ပြုရမည်။

(ဥ) ဦးစီးဌာန တာဝန်ရှိဝန်ထမ်း၏ ကူးစက်ရောဂါထိန်းချုပ်ခြင်းနှင့် စပ်လျဉ်းသည့် ညွှန်ကြားချက်များ ကို လိုက်နာရမည်။

၁၂။ တိရစ္ဆာန်ပိုင်ရှင် သို့မဟုတ် လက်ဝယ်ရှိသူ မည်သူမဆို ဤအမိန့်ပါ ဖော်ပြချက်တစ်ရပ်ရပ်ကို လိုက်နာရန်ပျက်ကွက်ပါက တိရစ္ဆာန်ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးဥပဒေပုဒ်မ ၂၄ အရ အရေးယူခြင်း ခံရမည်။

ပုံ/-

ဗိုလ်မှူးချုပ် မောင်မောင်သိမ်း

ဝန်ကြီး

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန

Myanmar Law Information System (MLIS)